# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၂.၁၂.၂၀၁၈) ရက်နေ့တွင် မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးသိန်းဇော် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၁) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကိုတင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ခုပ်မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခုအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယခု ကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသိန်း (ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး)သည် (၂၇-၉-၂၀၁၈) ရက်နေ့တွင် လည်းကောင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊

အဖွဲ့ဝင်)သည် (၁၉-၁၀-၂၀၁၈) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စ ရောက်ရှိခဲ့ပါတယ်။

၎င်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကွယ်လွန်အနိစ္စ ရောက်ရှိသွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁(က)အရ ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသိန်း (ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး)သည် (၂၇-၉-၂၀၁၈) ရက်နေ့တွင် လည်းကောင်း၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်)သည် (၁၉-၁၀-၂၀၁၈) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၁(က)အရ လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ဒီအဆိုဟာလွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့(၂)ဦး ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပါတယ်။